## ၄။ သဒ္ဒါရှင်းလင်းချက်

### ၁. နာမ်ဝါကျ/ な နာမဝိသေသနဝါကျ၏ကာလ၊ အဟုတ်/အငြင်း

| | အတိတ်မဟုတ် (ပစ္စုပ္ပန်/အနာဂတ်) | | | အတိတ် | | |
|---|---|---|---|---|---|---|
| အဟုတ် | နာမ်<br>な-adj | あめ<br>しずか | です | နာမ်<br>な -adj | あめ<br>しずか | でした |
| အငြင်း | နာမ်<br>な-adj | あめ<br>しずか | じゃ ありません<br>(では) | နာမ်<br>な-adj | あめ<br>しずか | じゃ ありませんでした<br>(では) |

① きのうは 雨(あめ)でした。　　မနေ့က မိုးရွာပါတယ်။

② きのうの 試験(しけん)は 簡単(かんたん)じゃ ありませんでした。
မနေ့က စာမေးပွဲက မလွယ်ပါဘူး။

### ၂. い နာမဝိသေသနဝါကျ၏ကာလ၊ အဟုတ်/အငြင်း

| | အတိတ်မဟုတ် (ပစ္စုပ္ပန်/အနာဂတ်) | အတိတ် |
|---|---|---|
| အဟုတ် | あついです | あつかったです |
| အငြင်း | あつくないです | あつくなかったです |

③ きのうは 暑(あつ)かったです。　မနေ့က ပူပါတယ်။

④ きのうの パーティーは あまり 楽(たの)しくなかったです。
မနေ့တုန်းက ပါတီက ပျော်စရာ သိပ် မကောင်းပါဘူး။

### ၃. $N_1$ は $N_2$ より adj です

$N_2$ ကို အခြေခံစံအဖြစ်ထား၍ $N_1$၏ ဂုဏ်သတ္တိနှင့်အခြေအနေကို ဖော်ပြသည်။

⑤ この 車(くるま)は あの 車(くるま)より 大(おお)きいです。　　ဒီကားက ဟိုကားထက်ပိုကြီးပါတယ်။

### ၄. $N_1$ と $N_2$ と どちらが adj ですか
### ……$N_1$ ／ $N_2$ の ほうが adj です

အရာ၂ခုကိုနှိုင်းယှဉ်သောအခါနှိုင်းယှဉ်မည့်အရာသည်မည်သည့်အရာပင်ဖြစ်စေကာမူအမေး စကားလုံး どちら ကိုအသုံးပြုသည်။

⑥ サッカーと 野球(やきゅう)と どちらが おもしろいですか。
……サッカーの ほうが おもしろいです。
ဘောလုံးနဲ့ ဘေ့စ်ဘော ဘယ်ဟာကို စိတ်ဝင်စားပါသလဲ။
......ဘောလုံးဘက်ကို ပိုစိတ်ဝင်စားပါတယ်။

⑦ ミラーさんと サントスさんと どちらが テニスが 上手(じょうず)ですか。
မစ္စတာမီလာနဲ့ မစ္စတာဆန်းတိုးစ ဘယ်သူက တင်းနစ် (ပို)ကျွမ်းပါသလဲ။

⑧ 北海道(ほっかいどう)と 大阪(おおさか)と どちらが 涼(すず)しいですか。
ဟော်ကိုင်းဒိုးနဲ့ အိုဆာကာ ဘယ်က (ပို)အေးပါသလဲ။

⑨ 春(はる)と 秋(あき)と どちらが 好(す)きですか。
နွေဦးနဲ့ ဆောင်းဦး ဘယ်ဟာကို (ပို)နှစ်သက်ပါသလဲ။





### ၅. $N_1$[の 中(なか)]で {何(なに) / どこ / だれ / いつ} が いちばん adj ですか
### ……$N_2$ が いちばん adj です

で သည်နယ်ပယ်အပိုင်းအခြားကိုဖော်ညွှန်းသည်။Adj (နာမဝိသေသန)ဖြင့်ဖော်ပြထားသော ကြောင့်အမြင့်ဆုံးအနေအထားနှင့်ဂုဏ်သတ္တိအဆင့်သို့ရောက်ရှိနေသော$N_1$၏နယ်ပယ်အတွင်းမှ အရာဝတ္ထု၊နေရာ၊လူပုဂ္ဂိုလ်၊အချိန်နာရီစသည်တို့ကိုမေးမြန်းရာတွင်၎င်းအရာအသီးသီးတို့နှင့်ဆီ လျော်သည့်အမေးစကားလုံးများကိုရွေးချယ်အသုံးပြုရမည်။

⑩ 日本料理(にほんりょうり)[の 中(なか)]で 何(なに)が いちばん おいしいですか。
……てんぷらが いちばん おいしいです。
ဂျပန်အစားအစာ [ထဲ]မှာ ဘယ်အစားအစာက စားလို့အကောင်းဆုံးပါလဲ။
......တန်ပူရာက စားလို့အကောင်းဆုံးပါ။

⑪ ヨーロッパで どこが いちばん よかったですか。
……スイスが いちばん よかったです。
ဥရောပမှာ ဘယ်နေရာက အကောင်းဆုံးပါလဲ။
......ဆွစ်ဇာလန်က အကောင်းဆုံးပါ။

⑫ 家族(かぞく)で だれが いちばん 背(せ)が 高(たか)いですか。
…… 弟(おとうと) が いちばん 背(せ)が 高(たか)いです。
မိသားစုထဲမှာ ဘယ်သူက အရပ် အမြင့်ဆုံးပါလဲ။
......ညီလေး/မောင်လေးက အရပ်အမြင့်ဆုံးပါ။ (သင်ခန်းစာ-၁၆)

⑬ １年(ねん)で いつが いちばん 寒(さむ)いですか。　　၁နှစ်မှာ ဘယ်အချိန်ကအအေးဆုံးပါလဲ။
……２月(がつ)が いちばん 寒(さむ)いです。　　......၂လပိုင်းက အအေးဆုံးပါ။

[မှတ်ချက်] နာမဝိသေသနဝါကျ၏ကတ္တားပုဒ်ကိုမေးမြန်းသောအမေးစကားကိုအသုံးပြုရသောအ မေးဝါကျတွင်အမေးစကားလုံး၏နောက်၌ ဝိဘတ် が ကို အသုံးပြုသည်။ (မှီငြမ်း-သင်ခန်းစာ-၁၀)

### ၆. Adj の (နာမ်၏အစားသုံးသော の)

သင်ခန်းစာ-၂တွင်$N_1$ の ဟူသောပုံစံဖြင့်ရှေ့၌ရှိသောနာမ်၏အစားထိုးအဖြစ်အသုံးပြုသော の အကြောင်းကိုလေ့လာခဲ့ပြီးဖြစ်သည်။ ယခုသင်ခန်းစာ၏နမူနာဝါကျကဏ္ဍတွင်ဖော်ပြထားသည့် あついの သည် adj の ပုံစံဖြစ်ပြီး $N_1$ の နှင့်တူညီ၍ နာမ်၏အစားထိုး အဖြစ်အသုံးပြုသော の ဖြစ်သည်။

⑭ カリナさんの かばんは どれですか。　　မစ္စကရီနရဲ့အိတ်က ဘယ်ဟာပါလဲ။
……あの 赤(あか)くて、大(おお)きいのです。　　......ဟို အနီရောင် အိတ်ကြီး ပါ။